မြန်မာနိုင်ငံ

၂၀၁၄ ခုနှစ်သည် မြန်မာနိုင်ငံမှ လူ့အခွင့်အရေး အခြေအနေအတွက် အမျိုးစုံရောနေသော နှစ်ဖြစ်သည်။ ဗြိတိန်နိုင်ငံ၏ ပံ့ပိုးမှုဖြင့် ဖော်ဆောင်နိုင်ခဲ့သည်များအပါအဝင် ၂၀၁၁ ခုနှစ်မှ အစပြုခဲ့သော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၊ ဒီမိုကရေစီ နည်းကျ အသွင်ကူးပြောင်းရေးစသည်တို့နှင့်အညီ တိုးတက်မှုတချို့ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ကြရပေသည်။ သို့ရာတွင် တချို့သော နယ်ပယ်များတွင်မူ အကြီးအကျယ် စိုးရိမ်မကင်းဖြစ်ဖွယ် ဆုတ်ဆိုင်းမှုများကိုလည်း မြင်တွေ့ခဲ့ကြရပြန်သည်။ ၂၀၁၄ ခုနှစ်မှ တိုးတက်မှုကောင်းများတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၌ အရေးကြီးသော မှတ်တိုင် တစ်တိုင်ဖြစ်လေမည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်သော ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများစတင်ခြင်း ပါဝင်ပါသည်။ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံတို့သည် မေလတွင် ပထမဦးဆုံး လူ့အခွင့်အရေး အပြန်အလှန် ဆွေးနွေးပွဲကို ကျင်းပခဲ့ကြလျက် အပြန်အလှန်ဆွေးနွေးမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အရေးကြီးသော ဆွေးနွေးပွဲအစီအစဉ် တစ်ရပ်ကို စတင်ဖော်ဆောင်ခဲ့ကြပါသည်။ ကလေးစစ်သည် တချို့တစ်ဝက်ကို လွှတ်ပေးခဲ့သလို ကလေးစစ်သည်များ စုဆောင်းခြင်း၊ အသုံးပြုခြင်းကို အဆုံးသတ်ရန် မြန်မာနိုင်ငံ၏ လုပ်ငန်းစီမံချက်ကို မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂတို့က သဘောတူညီခဲ့ကြပါသည်။ ငြိမ်းချမ်းစွာ ဆန္ဒပြခြင်း၊ အသင်းအဖွဲ့ဖွဲ့စည်းခြင်း၊ မီဒီယာလွတ်လပ်ခွင့် စသည်များနှင့် စပ်လျဉ်းပြီး ခေတ်မမီတော့သော ဥပဒေ တချို့တစ်ဝက်ကို ပြန်လှန်သုံးသပ်ရာတွင်လည်း ခရီးရောက်ခဲ့ပါသည်။ မတ်လတွင် ကျင်းပသော ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၊ (ဗြိတိန်နိုင်ငံက ပူးတွဲ ကမကထပြုသည်) နိုဝင်ဘာလက ကျင်းပသော ကုလသမဂ္ဂအထွေထွေ ညီလာခံ တတိယကော်မတီတို့တွင် ဥရောပက ကမကထပြုသော ကုလသမဂ္ဂမှ ဆုံးဖြတ်ချက်များက မြန်မာနိုင်ငံမှ တိုးတက်မှုကို ကြိုဆိုခဲ့ကြသလို အကြီးအကျယ် စိုးရိမ်မကင်းဖြစ်ရသော နယ်ပယ်များကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်နေမှုကို အလေးအနက်ထားဖော်ပြခဲ့ပါသည်။

၂၀၁၄ ခုနှစ် ဗြိတိန်နိုင်ငံ၏ လူ့အခွင့်အရေးဆောင်ရွက်ချက်များက နိုင်ငံရေး လွတ်လပ်ခွင့်များ၊ လူ့အခွင့်အရေးကို ကာကွယ်နေသူများအား ထောက်ခံပံ့ပိုးရေးတို့ကို အလေးထားခဲ့သည်သာမက သည်းခံရေး၊ အမျိုးစုံကွဲပြားနေသူများအား လက်ခံပါဝင်စေနိုင်ရေးတို့ကို တိုးမြှင့်ဖော်ဆောင်သွားရန်လည်း အလေးထားခဲ့ပါသည်။ အာရှဒေသ ဝန်ကြီး ဟျူးဂိုး ဆွိုင်ယာက ကာကွယ်ရေးဦးစီးချုပ်နှင့် တိုက်ရိုက်ပြောဆိုခဲ့ခြင်းအပါအဝင် ဗြိတိန်နိုင်ငံက ဝင်ရောက် ပြောဆို နှိုးဆော်မှုများ အထိုက်အလျောက် ဆောင်ရွက်ခဲ့ပြီးနောက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကာကွယ်ရေး ကြေညာ ချက်ကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုးခဲ့ပါသည်။ ကလေးစစ်သည်များ စုဆောင်းမှု အဆုံးသတ်ရေးနှင့် စပ်လျဉ်းပြီး လည်း နောက်ထပ်ဆွေးနွေးပွဲများကို မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်တို့နှင့် ကျွန်ုပ်တို့ ပြုလုပ်ခဲ့ကြသလို အတိုင်းအတာ တစ်စုံတစ်ရာအထိ တိုးတက်မှုများကိုလည်း မြင်တွေ့ခဲ့ရပြီး ဖြစ်ပါသည်။ မျှော်လင့်ထားသော တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် အကောင်အထည် မပေါ်ခဲ့သည့်တိုင် ဗြိတိန်နိုင်ငံသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အဓိက ထောက်ခံပံ့ပိုးသူအဖြစ်လည်း တည်ရှိနေခဲ့ပေသည်။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေနှင့် စပ်လျဉ်းသော ကုလ သမဂ္ဂအထူးကိုယ်စားလှယ် ထားရှိရေးကိုလည်း သက်တမ်းတိုးခဲ့ပြီး ဇူလိုင်လတွင် ယန်(ဂ်)ဟီး လီကို ခန့်ထားခဲ့ပါသည်။

ဤတိုးတက်မှုများကြားမှပင် သောကဖြစ်ဖွယ် အနှောင့်အယှက်များလည်း ရှိနေပါသည်။ ၂၀၁၄ ခုနှစ်တွင် နိုင်ငံရေး အကျဉ်းသားများ တိုးပွားလာသည်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပဋိပက္ခများ ရှိနေခဲ့သည်၊ မီဒီယာကို ဖိနှိပ်မှုများလည်း ရှိခဲ့လေသည်။ နှစ်အစပိုင်းတွင် ရခိုင်ပြည်နယ်၌ လူမျိုးရေး အကြမ်းဖက်မှုများ အကြီးအကျယ် တိုးပွားခဲ့သလို ရိုဟင်ဂျာရပ်ရွာအသိုင်းအဝိုင်းများမှာလည်း ခွဲခြားဆက်ဆံရာရောက်သည့် မူဝါဒများကို ရင်ဆိုင်ရဆဲ ဖြစ်နေသည့်အပြင် နောက်ထပ် အကြမ်းဖက်ခံရမည့် အန္တရာယ်ကျရောက်လွယ်သည့် အနေအထားကိုလည်း ရောက်ရှိ နေခဲ့ပါသည်။ ရခိုင်ပြည်နယ်မှ အခြေအနေအတွက် ရေရှည်တည်တံ့သော ဖြေရှင်းမှုတစ်ခုကို ဖွေရှာရန်လည်းကောင်း၊ လူမျိုးရေး တင်းမာမှုများကို ပိုမိုကျယ်ပြန့်စွာ ကိုင်တွယ်ရန်လည်းကောင်း အစိုးရအား ၂၀၁၄ ခုနှစ် တစ်နှစ်လုံးအတွင်း ကျွန်ုပ်တို့ ဆက်လက်တိုက်တွန်းခဲ့ကြပါသည်။ နိုဝင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသည့် ရွေးကောက်ပွဲများက ၂၀၁၅ ခုနှစ်ကို လွှမ်းမိုးထားပါလိမ့်မည်။ အခြားအဓိကကျသော ဖြစ်ရပ်များတွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဆက်လက်

ပြုလုပ်နေခြင်း၊ အငြင်းပွားဖွယ် ဘာသာရေး ဥပဒေ လေးခု လွှတ်တော်မှ ပြဋ္ဌာန်းခြင်း၊ ၂၀၁၄ သန်းခေါင်စာရင်း၏ နောက်ထပ် ရလဒ်များ တုတ်ပြန်ခြင်းတို့ပင် ဖြစ်လေသည်။ ၂၀၁၅ ခုနှစ်အတွက် ကျွန်ုပ်တို့၏ မူဝါဒမှာ စိုးရိမ်မကင်း ဖြစ်ရသော ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပွင့်လင်းသော ဆွေးနွေးမှုများဖြင့် ထိတွေ့ဆောင်ရွက်ခြင်းကို ဆက်လက် လုပ်ဆောင်သွားမည်သာ ဖြစ်ပါသည်။ ယခုနှစ်အတွက် ပြိတိန်နိုင်ငံ၏ ဦးစားပေးကိစ္စများမှာ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်တို့အပါအဝင် နိုင်ငံရေး လွတ်လပ်ခွင့်များ မလွဲမသွေ ရှိလာစေရေး၊ တည်ငြိမ်မှု ထိန်းသိမ်းရေးတို့အတွက် နိုင်ငံတကာ မိတ်ဖက်များနှင့်အတူ ဆောင်ရွက်သွားရန်ပင်ဖြစ်လေသည်။ မြန်မာလူထု၏ ဆန္ဒကို ကိုယ်စားပြုသည့် ယုံကြည်လည်း ယုံကြည်ထိုက် အားလုံးလည်း ပါဝင်မှုရှိသည့် နိုဝင်ဘာလ ရွေးကောက်ပွဲကို ကျွန်ုပ်တို့ အားပေးတိုက်တွန်း သွားပါမည်။ မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီ အလိုအပ်ဆုံးနေရာများတွင် ဘဏ္ဍာငွေ ထောက်ပံ့ခြင်း အပါအဝင် ကျွန်ုပ်တို့၏ တိုက်ရိုက်ဖွံ့ဖြိုးမှုအကူအညီကို ၂၀၁၅-၁၆ ပြိတိန်နိုင်ငံဘဏ္ဍာရေးနှစ်တွင် ပေါင်စတာလင် ၈၂ သန်းအထိ တိုးမြှင့်သွားပါမည်။

ရွေးကောက်ပွဲ

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲ ကတိကဝတ်သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုတွင် အချက်အချာ ကျလှပါသည်။ ရွေးကောက်ပွဲက လူ့အခွင့်အရေး အခြေအနေ၊ ပိုမိုကျယ်ပြန့်သော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တို့ အတွက် အသည်းအသန် စိန်ခေါ်မှုများကိုသာမကဘဲ အခွင့်အလမ်းများကို ဖန်တီးပေးပါလိမ့်မည်။ အဆိုပါ အန္တရာယ်များ တွင် မူစလင်ဆန့်ကျင်ရေး စိတ်ဓာတ်ကို မတရား အသုံးချမှု၊ သို့တည်းမဟုတ် နိုင်ငံရေး အမြတ်ထုတ်ရန်အတွက် အစွန်းရောက်သော အာစလျှာစများပင် ဖြစ်သည်။ လွတ်လပ်စွာ ပြောဆိုခွင့်၊ လူ့အခွင့်အရေးကို လေးစားမှု စသည်တို့က ကျောထောက်နောက်ခံပြုထားသည့် ကြွင်းကျန်မှု မရှိဘဲ အားလုံးလည်း ပါဝင်နိုင်၊ ယုံကြည်လည်း ယုံကြည်ထိုက်သော ရွေးကောက်ပွဲကို ကျွန်ုပ်တို့ မြင်တွေ့လိုပါသည်။

ဤကိစ္စတွင် ပြိတိန်နိုင်ငံက အထူးတလည် ထိတွေ့ဆောင်ရွက်လျက်ရှိသလို နိုဝင်ဘာလက ကျင်းပခဲ့သော ဂျီ-၂၀ ထိပ်သီး ဆွေးနွေးပွဲ၌ ဝန်ကြီးချုပ် ဒေးဗစ်(ဒ်) ခယ်မရာ(န်)က သမ္မတဦးသိန်းစိန်အား ရွေးကောက်ပွဲကိစ္စကို ဆွေးနွေးပြောကြားခဲ့ပါ သည်။ ရွေးကောက်ပွဲအား ပံ့ပိုးခြင်းအပါအဝင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနည်းကျ အုပ်ချုပ်ပုံစနစ် တောင့်တင်းခိုင်မာလာစေ ရေးကို ဆောင်ရွက်ရန် ငါးနှစ်ကျော်အတွက် ပေါင်စတာလင် ၂၅ သန်းခန့်ကို ပြိတိန်နိုင်ငံကာ လျာထားသတ်မှတ်ထားပါ သည်။ မြန်မာနိုင်ငံ ရွေးကောက်ပွဲ ကော်မရှင်၊ မဲဆန္ဒရှင် ပညာပေးလုပ်ငန်းနှင့် စောင့်ကြည့်ကြပ်မတ်မှု၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်အား အကဲခတ်ခြင်းစသည်တို့အတွက် နည်းပညာ အကြံဉာဏ်များ ပေးအပ်ရန်အတွက် ဘဏ္ဍာငွေ ထောက်ပံ့ ခြင်းတွင်လည်း ပြိတိန်နိုင်ငံက ထည့်ဝင်လှူဒါန်းထားပါသေးသည်။

လွတ်လပ်စွာ ဖော်ထုတ်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်

ပုဒ်မ ၁၉ [အာထစ်ခယ်(လ်) ၁၉] အဖွဲ့၏ စီမံကိန်းမှတစ်ဆင့် နိုင်ငံတကာစံများနှင့် မကိုက်ညီဘဲ ခေတ်နောက်ကျနေပြီ ဖြစ်သော ဥပဒေပြဋ္ဌာန်းချက်များကို ပြင်ဆင်ရေးအတွက် ကျွန်ုပ်တို့ ထောက်ခံပံ့ပိုးခဲ့သော်လည်း ခရီးရောက်မှုမှာ အမျိုးစုံ ဖြစ်နေပါသည်။ ဥပမာ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်း ဥပဒေတွင် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံ တကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ မှတ်ပုံမတင်ခြင်းအတွက် ပြင်းထန်သော ပြစ်ဒဏ်များအား ရုတ်သိမ်းလိုက် သည့်အတွက် ကြိုဆိုအပ်ပါသည်။ သို့ရာတွင် "နိုင်ငံတော်လုံခြုံရေးကိစ္စရပ်များ"ကို အခြေခံပြီး မှတ်ပုံတင်သည့်အဖွဲ့က လျှောက်လွှာများကို အကဲဖြတ်ရန် ပြဋ္ဌာန်းချက်မှာ ကျန်ရှိနေဆဲဖြစ်ပေရာ လျှောက်လွှာများကို စိစစ်ရာတွင် တစ်ဖက်သတ် ပယ်ချနိုင်သည့် အလားအလာရှိသော သတ်မှတ်ချက်ကို ပေါ်ပေါက်စေလျက်ရှိပါသည်။ အလားတူပင် ငြိမ်းချမ်းစွာ စုဝေး ခြင်း ဥပဒေကြမ်းမှာလည်း ပြစ်ဒဏ်များ လျော့ချသလို ဆန္ဒပြသူများ လုပ်ဆောင်ရန် လိုအပ်ချက်များကို ဖယ်ရှားရန် ပြင်ဆင်ခဲ့သော်လည်း အာဏာပိုင်များ မတရားအမြတ်ထုတ်နိုင်သည့် လိုသလိုကောက်ယူနိုင်သည့် စကားရပ်များ ပါဝင်နေ ပေရာ ကြောင့်ကြမကင်းဖွယ် ဖြစ်နေပါသည်။ မြန်မာနိုင်ငံ အစိုးရအနေဖြင့် လူ့အခွင့်အရေးကို မလွဲမသွေ ကာကွယ်

စောင့်ရှောက်ပေးရန် လိုအပ်ကြောင်း ကျွန်ုပ်တို့ အလေးအနက်ထား ဖော်ပြအပ်ပါသည်။ နိုင်ငံတကာ အကောင်းဆုံး ကျင့်ထုံးများနှင့် ကိုက်ညီသလို အခွင့်အရေးများ၊ လွတ်လပ်ခွင့်များကို ဥပဒေများက မလွဲမသွေ လေးစားလာစေရန် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ စွမ်းရည်များ တိုးတက်လာစေရန် လွှတ်တော် ကိုယ်စားလှယ်များ၊ ဝန်ကြီး ဌာနများ၊ အရပ်ဘက်လူဘောင်၊ မီဒီယာစသည်တို့နှင့် ကျွန်ုပ်တို့ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၄ ခုနှစ်တွင် မှိုခိုမှုကင်းရှင်းလွတ်လပ်သော မီဒီယာက ဆက်လက် ပေါ်ထွန်းစဖြစ်ပါသည်။ နိုင်ငံပေါင်း ၁၈၀ အနက် မြန်မာနိုင်ငံအား ၂၀၁၄ ခုနှစ် ကမ္ဘာ့ စာနယ်ဇင်းလွတ်လပ်ခွင့် ညွှန်းကိန်းတွင် အဆင့် ၁၄၅ အဖြစ် သတ်မှတ်ခဲ့ပါသည်။ (၂၀၁၃ ခုနှစ်မှ အဆင့်ထက် ခြောက်ဆင့် တက်လာခဲ့ပါသည်။) သို့ရာတွင် သတင်းထောက်များအား ထောင်သွင်း အကျဉ်း ချရာတွင် အဋ္ဌမမြောက် အဖိနှိပ်ဆုံးနိုင်ငံအဖြစ် စာနယ်ဇင်းဆရာများအား ကာကွယ်စောင့်ရှောက်ရေး ကော်မတီက သတ်မှတ်ခဲ့ပါသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ သွားရောက်ခွင့်ကို အစိုးရက ဆက်လက် ကန့်သတ်တားဆီးထားသလို နိုင်ငံခြား စာနယ်ဇင်းဆရာများအား ပြည်ဝင်ခွင့် တားမြစ်ကန့်သတ်ချက်များကိုလည်း တိုးမြှင့်ထားပါသည်။

စာနယ်ဇင်းဆရာများအား ဖမ်းဆီးထိန်းသိမ်းခြင်း၊ အနှောင့်အယှက်ပေးခြင်းများကို ၂၀၁၄ ခုနှစ် တစ်နှစ်လုံး ဆက်လက် လုပ်ဆောင်ခဲ့ကြသည်။ ယင်းတို့တွင် ဒီမိုကရက်တစ်မြန်မာ့အသံမှ သတင်းထောက် ဇော်ဖေအား ဇူလိုလတွင် ဖမ်းဆီးခြင်း၊ စစ်တပ် အဆောက်အအုံတစ်ခုက ဓာတုလက်နက်များ ထုတ်လုပ်နေသည်ဟု ဆိုသော ပုံနှိပ်ဖော်ပြပြီး သတင်းတစ်ပုဒ်ကို လိုက်ခဲ့သည့်အတွက် ပြည်တွင်းသတင်းစာတစ်စောင်မှ တာဝန်ရှိသူ ငါးဦးအား ကျော်နင်းမှုဖြင့် စွဲချက်တင်ကာ ဇူလိုင်လက အလုပ်ကြမ်းနှင့် ထောင်ဒဏ် ဆယ်နှစ်ချမှတ်ခဲ့ခြင်းတို့ ပါဝင်ပါသည်။ စာနယ်ဇင်းဆရာများအား ထောက်ခံသည့် ဆန္ဒပြပွဲကို ပြုလုပ်ခဲ့သည့်အတွက် တချို့ စာနယ်ဇင်းဆရာများ၊ တက်ကြွလှုပ်ရှားသူများလည်း အဖမ်းခံခဲ့ရပါသည်။ အောက်တိုဘာလ တွင် မွန်ပြည်နယ်ရှိ စစ်တပ်အချုပ်ထဲတွင် အလွတ်တန်း စာနယ်ဇင်းဆရာ ကိုပါကြီးမှာ သတ်ဖြတ်ခံခဲ့ရပါသည်။ မီဒီယာ လွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း မြန်မာ အာဏာပိုင်များ ရှင်းရှင်းလင်းလင်း သိရှိစေရန် ကျွန်ုပ်တို့ လုပ်ဆောင်သွားမည်ဖြစ်သလို နှစ်နိုင်ငံကြား ဆောင်ရွက်နည်းဖြင့်လည်းကောင်း၊ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံကြား လူအခွင့်အရေး အပြန်အလှန်ဆွေးနွေးပွဲမှတစ်ဆင့်လည်းကောင်း အဖမ်းဆီးခံရသော စာနယ်ဇင်းဆရာများ၏ အမှုအခင်းများနှင့်စပ်လျဉ်းပြီး ရန်ကုန်မြို့ရှိ ကျွန်ုပ်တို့၏ သံရုံးက ဆက်လက် အရေးဆိုသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ မီဒီယာလွတ်လပ်ခွင့် ဖွံ့ဖြိုးတိုးတက်မှုမှာ ယေဘုယျအားဖြင့် အပြုသဘောဆောင်နေသည့်တိုင် ၂၀၁၄ ခုနှစ် အတွင်း စိတ်ပူစရာကောင်းလှသော အမှုန်းစကားများ၊ အထူးသဖြင့် မူစလင်ဆန့်ကျင်ရေး အမှုန်းစကားများ ပေါ်ထွက်နေ ခဲ့ခြင်းအတွက် ကျွန်ုပ်တို့မှာ ကြောင့်ကြမကင်းဖြစ်ရဆဲလည်း ဖြစ်ပေသည်။ လူမျိုးရေး၊ ဘာသာရေး အမုန်းတရားများ၊ အကြမ်းဖက်မှုများကို လှုံ့ဆော်နေသူများအား မလွဲမသွေ အရေးယူရန် အစိုးရကို ကျွန်ုပ်တို့ ပန်ကြားအပ်ပါသည်။

လူအခွင့်အရေးကို ကာကွယ်သူများ

မြန်မာနိုင်ငံမှ လူအခွင့်အရေးကို ကာကွယ်သူများအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်သော ပတ်ဝန်းကျင် အခင်းအကျင်းမှာ လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း အထိုက်အလျောက် တိုးတက်လာခဲ့လင့်ကစား ခက်ခဲနေဆဲသာ ဖြစ်ပါသည်။ အထူး သဖြင့် အဓိက မြို့ကြီးများ၏ အပတွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုပဋိပက္ခများ ဖြစ်ပွားနေသည့် ဒေသမှ အချက် အချာ နေရာများတွင်လည်းကောင်း ဆောင်ရွက်နေကြသူများနှင့်တကွ ဘာသာရေးနှင့် စပ်လျဉ်းသည့် အရေးကိစ္စများကို ပြောဆိုနေကြသူများအတွက် ခက်ခဲနေဆဲပင်ဖြစ်လေသည်။ မြန်မာနိုင်ငံမှ လူအခွင့်အရေး အခြေအနေနှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၏ ပထမဆုံး အစီရင်ခံစာ၌ ယန်(ဂ်)ဟီး လီက "အရပ်ဘက်လူဘောင်၊ မီဒီယာတို့ အတွက် နေရာမှာ လျော့ကျကျဉ့်ဝင်လျက်ရှိသည်"ဟု အကဲခတ်သူအများအပြားက ရှုမြင်ကြကြောင်း စက်တင်ဘာလတွင် မှတ်ချက်ပေးခဲ့ပါသည်။

၂၀၁၄ ခုနှစ်ကို နိုင်ငံရေးအကျဉ်းသားများ ထပ်မံလွှတ်ပေးခဲ့ခြင်းများကို ကြိုဆိုခြင်းဖြင့် စတင်ခဲ့ပါသည်။ သို့ရာတွင် ကျန်ရှိသော နိုင်ငံရေး အကျဉ်းသားများ အားလုံးကို လွှတ်ပေးမည်ဟု သမ္မတ ဦးသိန်းစိန်က ကတိပြုထားသည့် ကြားမှပင် ၂၀၁၄ ခုနှစ် နှစ်ကုန်တွင် အထိမ်းသိမ်းခံ ၁၆၄ ဦး ကျန်ရှိနေသေးသလို တရားစွဲဆိုခံထားရသူ နောက်ထပ် ၂၀၃ ဦးလည်း ကျန်ရှိနေဆဲ ဖြစ်သည်ဟု နိုင်ငံရေး အကျဉ်းသားများ ကူညီထောက်ပံ့ရေးအသင်း (မြန်မာနိုင်ငံ)က ခန့်မှန်းထားပါသည်။ အဆိုပါ ကိန်းဂဏာန်းများမှာ (နိုင်ငံရေး အကျဉ်းသားပေါင်း ၂,၀၀၀ ကျော်ကို ထိန်းသိမ်းထားခဲ့သည့်) ယခင် စစ်အစိုးရလက်ထက်က ထက် နည်းပါးသွားလင့်ကစား ထိုသို့သော အကျဉ်းသားများအားလုံးကို လွှတ်ပေးမည်ဟူသော ကတိကဝတ်အား ထိန်းသိမ်းရမည့်အချက်မှာမူ ထင်ရှားနေဆဲလည်း ဖြစ်ပါသည်။ ရခိုင်ပြည်နယ်မှ မူစလင်များအား လျော်ကန်သော နည်းလမ်းများဖြင့် မဟုတ်ဘဲ တစ်ဖက်သတ် ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ တရားစွဲဆိုခြင်းတချို့အတွက်လည်း ကျွန်ုပ်တို့ စိုးရိမ်မကင်းဖြစ်ရဆဲပင်။ သတင်းရရှိသော ကိန်းဂဏာန်းများထဲတွင် တချို့မှာ လေး၊ ငါးကြိမ် ပြန်လည်ဖမ်းဆီးခံရသလို တချို့အကျဉ်းသားများ၏ အခြေအနေမှာလည်း အပြင်းပွားစရာ ဖြစ်နေသည်ကို ကျွန်ုပ်တို့ သတိထားမိပါသည်။ ဤ အရေးကိစ္စမှာ ဗြိတိန်နိုင်ငံအတွက် ထိပ်တန်းဦးစားပေးအဖြစ် ကျန်ရှိနေဆဲ ဖြစ်သလို ဤကိစ္စကို ကိုင်တွယ်ဖြေရှင်းရန်သာမကဘဲ လက်ရှိ အမှုများ၊ အနာဂတ်အမှုများကို ပြန်လှန်သုံးသပ်သည့် ယန္တယားတစ်ရပ် မလွဲမသွေ ထားရှိရန်အတွက်ပါ မြန်မာ အာဏာပိုင်များအား ကျွန်ုပ်တို့ ဆက်လက် တိုက်တွန်းအပ်ပါသည်။ မစ္စတာ ဆွိုင်ယာ ရှင်းလင်းစွာ ပြောကြားသွားခဲ့သည့်အတိုင်း "နိုင်ငံရေး အကျဉ်းသား တစ်ယောက်ရှိနေပြီဆိုရင်ကို လွန်လွန်းနေပြီ"ဖြစ်ပါသည်။

တရားမျှတမှု၊ တရားဥပဒေစိုးမိုးမှု ရရှိရေး

၂၀၁၄ ခုနှစ်တွင် မြန်မာ ရဲအရာရှိပေါင်း ၄,၀၀၀ ကို ရပ်ရွာအသိုင်းအဝိုင်း ရဲလုပ်ငန်း၊ အများပြည်သူ ငြိမ်ဝပ်ပိပြားရေး ဆောင်ရွက်ရာတွင် အကောင်းဆုံး ကျင့်ထုံးများစသည်တို့အား လေ့ကျင့်သင်ကြားပေးခဲ့သလို နိုင်ငံတစ်လွှားတွင် နိုင်ငံတကာစံများကို ထူထောင်သွားရေးအတွက် ဥရောပသမဂ္ဂ၏ စီမံချက်ကို ကျွန်ုပ်တို့ ဆက်လက် ထည့်ဝင်ပံ့ပိုးပေးခဲ့ပါသည်။ အားတက်ဖွယ် ကနဦး အောင်မြင်မှု လက္ခဏာတချို့မှာ ဇူလိုင်လအတွင်း မန္တလေးမြို့မှ မူစလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုတွင် ထိရောက်သော ရဲလုပ်ငန်းဖြင့် ဆောင်ရွက်ခဲ့သည်လည်း ပါဝင်ပါသည်။

တရားဥပဒေစိုးမိုးရေးအတွက် ဘင်ဂမ်(မ်) ဗဟိုဌာနမှ ဆောင်ရွက်လျက် ရှိသော စီမံချက်များမှ တစ်ဆင့် လုပ်ဆောင်ပေးခြင်းအပါအဝင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော တရားဥပဒေ စိုးမိုးရေး လွှတ်တော်ရေးရာ ကော်မတီနှင့် ကျွန်ုပ်တို့ ဆက်လက် ပေါင်းကူးဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် လူ့အခွင့်အရေး နိုင်ငံတကာ သဘောတူ စာချုပ်များကို လက်မှတ်ရေးထိုးရန်လည်း မြန်မာအစိုးရအား ကျွန်ုပ်တို့ ဆက်လက်တိုက်တွန်းလျက် ရှိပါသည်။ ဇီဝ လက်နက်များ နိုင်ငံတကာ သဘောတူစာချုပ်ကို အတည်ပြု လက်မှတ်ရေးထိုးပြီးသည့်နောက် အရပ်ဘက်အခွင့်အရေးများ၊ နိုင်ငံရေး အခွင့်အရေးများနှင့် စပ်လျဉ်းသည့် နိုင်ငံတကာ ပဋိညာဉ်ကို အတည်ပြုလက်မှတ်ရေးထိုးရာတွင် ကျွန်ုပ်တို့ မည်သို့ အကောင်းဆုံး ပံ့ပိုးပေးနိုင်မည်ကို ဆက်လက် ဆွေးနွေးလျက် ရှိပါသည်။

ပဋိပက္ခ၊ အရပ်သားများအား ကာကွယ်စောင့်ရှောက်ခြင်း

အသံစွာလှသည့် လူနည်းစု ဗုဒ္ဓဘာသာ အမျိုးသားရေး လှုပ်ရှားမှုနှင့် ဆက်စပ်လျက်ရှိသည်တို့အပါအဝင် စိတ်မအေးဖွယ် မူစလင် ဆန့်ကျင်ရေး စိတ်ဓာတ်၊ အကြမ်းဖက်မှုများ တိုးပွားလျက်ရှိသည်ကို ၂၀၁၄ ခုနှစ်တွင် တွေ့မြင်ခဲ့ရပါသည်။ ရခိုင်ပြည်နယ်ပြင်ပတွင် (အောက်မှ လူနည်းစုအခွင့်အရေးများ အပိုင်းကို ရှု။) လူနှစ်ဦး သေဆုံးပြီး လူ ၁၂ ဦးကျော် ဒဏ်ရာရခဲ့သည့် မူစလင် ဆန့်ကျင်ရေး အကြမ်းဖက်မှုမှာ မန္တလေးမြို့တွင် ဇူလိုင်လက ဖြစ်ပွားခဲ့သလို မကွေးတိုင်းတွင်လည်း ဇွန်လနှင့် စက်တင်ဘာလတို့တွင် နောက်ထပ် အလားတူဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပါသည်။ ယင်းကို ကျွန်ုပ်တို့ အနီးကပ် စောင့်ကြည့်နေသလို ဘာသာရေး အသိုင်းအဝိုင်းများကြား ရင်းနှီးမှု၊ နားလည်မှု၊ သည်းခံမှုများ တည်ဆောက်ရေးအတွက် လုပ်ဆောင်ရာတွင် ဘက္ကာငွေ ဆက်လက်ပံ့ပိုးလျက် ရှိပါသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် မြန်မာ့တပ်မတော်တို့ကြားမှ ပဋိပက္ခမှာလည်း ၂၀၁၄ ခုနှစ်တွင် ဆက်လက် ဖြစ်ပွားခဲ့ပါသည်။ သေကျေပျက်စီးမှုအများဆုံးဖြစ်ရပ်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်းစုံမှ အဖွဲ့ဝင်ပေါင်း ၂၃ ဦး သေဆုံးခဲ့ရသော နိုဝင်ဘာလ ၁၉ ရက်နေ့က ကချင်ပြည်နယ်ရှိ သင်တန်းစခန်းအား လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ဖြစ်ပွားဆဲတိုက်ပွဲများ၊ အထူးသဖြင့် ကချင်၊ ရှမ်း၊ ကယားပြည်နယ်တို့မှ တိုက်ပွဲများအတွက်လည်းကောင်း၊ ထိုတိုက်ပွဲများကြောင့် ပိုမိုကျယ်ပြန့်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ရိုက်ခတ်မှုအတွက်လည်းကောင်း ကျွန်ုပ်တို့ အထူးတလည် စိတ်မအေး ဖြစ်ရပါသည်။ အကြမ်းဖက်မှုများ အဆုံးသတ်ရန်၊ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘော တူညီချက်ရရှိရေးအတွက် အနှစ်သာရရှိသော ညှိနှိုင်းဆွေးနွေးပွဲများ ပြန်လည်စတင်ရန်၊ အနာဂတ်နိုင်ငံရေး အပြန်အလှန် ဆွေးနွေးပွဲအတွက် မူဘောင်ချမှတ်ရန် ကျွန်ုပ်တို့ ဆက်လက် တိုက်တွန်းအပ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို တိုးချဲ့သလို အသိုင်းအဝိုင်းအချင်းချင်းကြား အကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းရေးအတွက် ပြည်တွင်း အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများအား ပံ့ပိုးပေးရန် ငြိမ်းချမ်းရေးပံ့ပိုးမှု ရန်ပုံငွေအဖွဲ့ကို ကျွန်ုပ်တို့ ဖွဲ့စည်း ခဲ့ပါသည်။ ဇန္ဒဝါရီလတွင် အာရှတိုက်အတွက် နိုင်ငံခြားရေးနှင့် ဓနသဟာယရုံး ဝန်ကြီး ဟျူးဂိုး ဆွိုင်ယာသည် ၁၉၄၈ ခုနှစ် မြန်မာ နိုင်ငံလွတ်လပ်ရေး ရရှိနိမှ စတင်ပြီး ကချင်ပြည်နယ်သို့ ပထမဦးဆုံးအကြိမ် သွားရောက်သည့် ပထမဦးဆုံး ဗြိတိသျှ ဝန်ကြီးဖြစ်လာခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး ဝန်ကြီး ဒက်(စ်)မန်(ဒ်) ဆွေး(နွေး)က သြဂုတ်လတွင် သွားရောက်ခဲ့ ပြန်ရာ သူက ဒုတိယဖြစ်လာခဲ့ပါသည်။ မစ္စတာဆွိုင်ယာ၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံ ကာကွယ်ရေးဦးစီးချုပ်၊ မြောက်ပိုင်း တိုင်း စစ်ဌာနချုပ်တိုင်းမှူးတို့နှင့် တိုက်ရိုက်ပြောဆိုခဲ့ခြင်းများအပါအဝင် အမြင့်ဆုံး အဆင့်အား ဗြိတိန်နိုင်ငံ၏ ဝိုးရိမ်မကင်း ဖြစ်မှုများကို ဖော်ထုတ်ပြောဆိုခဲ့ပါသည်။

မကြာသေးမီက တိုက်ပွဲများကြောင့် လူသားတို့၏ သာယာဝပြောမှုအပေါ် ရိုက်ခတ်နေသောအကျိုးဆက်များနှင့် စပ်လျဉ်း ပြီး ကုလသမဂ္ဂနှင့်လည်းကောင်း၊ ဒေသခံအဖွဲ့အစည်းများနှင့်လည်းကောင်း ကျွန်ုပ်တို့ ကြိမ်ဖန်များစွာ ဆက်သွယ် ဆောင်ရွက်လျက်ရှိနေခဲ့ ပါသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းတို့မှ အိုးပစ်အိမ်ပစ်ထွက်ပြေးရသူပေါင်း ၁၀၀,၀၀၀ အတွက် ကျွန်ုပ်တို့ ၏ လူသားချင်း စာနာထောက်ထားမှု အစီအစဉ်ကိုလည်း ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။ တစ်နိုင်ငံစီအနေဖြင့် ကချင်ပြည်နယ်အား လူသားချင်း စာနာထောက်ထားမှု အကူအညီပေးလျက်ရှိသည့် အကြီးဆုံး အလှူရှင်များထဲတွင် ဗြိတိန်နိုင်ငံ ပါဝင်ပါသည်။ နိုင်ငံ၏ ဒေသတိုင်းတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ အကန့်အသတ်မရှိ ပေးအပ်ခွင့်ပြုရန် အစိုးရ၏ အမြင့်ဆုံးအဆင့်အား ကျွန်ုပ်တို့ ဆက်လက်တိုက်တွန်း သွားမည်ဖြစ်ပါသည်။

ပဋိပက္ခတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အဆုံးသတ်ရေး ကတိကဝတ် ကြေညာချက်ကို ဇွန်လ ၅ ရက်နေ့တွင် မြန်မာ နိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးခဲ့သလို ဇွန်လ ၁၀ ရက်မှ ၁၃ ရက်အတွင်း ကျင်းပသော ပဋိပက္ခတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အဆုံးသတ်ရေး အပြည်ပြည်ဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကိုလည်း မြန်မာနိုင်ငံ၏ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဦးသန့်ကျော်က တက်ရောက်ခဲ့ပါသည်။ ကြုံဆိုအပ်သော အဆိုပါ အခြေအနေကြားမှပင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ကျား-မအခြေခံ အကြမ်းဖက်မှု လုပ်ရပ်များကို ဖော်ညွှန်းနေသော သတင်းများ ပေါ်ထွက်လျက်ရှိပါသည်။ ၂၀၁၀ ပြည့်နှစ်မှ စတင်ကာ ပဋိပက္ခဖြစ်ပွားနေသော နေရာများတွင် အထူးပြုပြီး မြန်မာ့တပ်မတော်က ကျူးလွန်ခဲ့သည့် အထောက်အထား ရှိသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပေါင်း ၁၁၈ ခု ရှိသည်ဟု စွပ်စွဲထားသည့် အစီရင်ခံစာကို မြန်မာနိုင်ငံ အမျိုးသမီး များ အဖွဲ့ချုပ်က နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။ အာဏာပိုင်များက ဇွန်လတွင် လက်မှတ်ရေးထိုးထားခဲ့သော ကတိ ကဝတ်များကို လိုက်နာကြောင်း ပြသရန် အာဏာပိုင်များကို ကျွန်ုပ်တို့ တိုက်တွန်းအားပေးလျက်ရှိပါသည်။ အခြေခံ ဥပဒေ ရေးရာ ကျွမ်းကျင်မှု စွမ်းရည်များကို အမျိုးသမီးများအား လေ့ကျင့်သင်ကြားပေးရေး၊ မိမိတို့၏ နယ်ခံ ရပ်ရွာအသိုင်းအဝိုင်း များအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကြုံတင်ကာကွယ်ရာ၌ နယ်ခံ ခေါင်းဆောင်များအား ပံ့ပိုးရေး စီမံချက်များကို လည်း ကျွန်ုပ်တို့ ဘဏ္ဍာငွေ ထောက်ပံ့ခဲ့သလို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ကျား-မ ခွဲခြားမှုများနှင့် စပ်လျဉ်းသည့်

နိုင်ငံတကာ စံများ လိုက်နာမှု တိုးမြှင့်ဖော်ဆောင်သွားရေးအတွက် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့်လည်း ဆောင်ရွက်လျက် ရှိပါသည်။

ဘာသာရေး လွတ်လပ်ခွင့်၊ သက်ဝင်မှု လွတ်လပ်ခွင့်

ဘာသာရေးဆိုင်ရာ အမျိုးသားရေး အဖွဲ့များ ပေါ်ပေါက်လာခြင်း၊ အမုန်းစကားများ တိုးပွားလာခြင်းတို့ဖြင့် ၂၀၁၄ ခုနှစ် အတွင်းတွင် မြန်မာနိုင်ငံမှ ဘာသာရေး လူနည်းစုများအပေါ် မလိုမုန်းထားမှု၊ ခွဲခြားဆက်ဆံမှုတို့မှာ ပို၍ စိုးရိမ်မကင်းဖွယ် ကောင်းနေပါသည်။ နိုင်ငံတစ်လွှားမှ နေရာဒေသ သုံး၊ လေးခုရှိ မူစလင်အသိုင်းအဝိုင်းများအပေါ် အကြမ်းဖက်မှုများမှာ ၂၀၁၄ ခုနှစ်တွင် ဆက်လက်ဖြစ်ပွားခဲ့ပါသည်။ (အထက်မှ ပဋိပက္ခ၊ အရပ်သားများအား ကာကွယ် စောင့်ရှောက်ခြင်း အပိုင်းကို ရှု။) ဤစိတ်မအေးဖွယ် အခြေအနေကို ကျွန်ုပ်တို့ ဆက်လက် စောင့်ကြည့်လျက်ရှိပါသည်။ ရင်းနှီးမှု၊ နားလည်မှု များတည်ဆောက်ခဲ့ကြသော စီမံချက်များမှတစ်ဆင့် မြန်မာနိုင်ငံမှ ဘာသာပေါင်းစုံ လုပ်ငန်းကို ငြိတိန်နိုင်ငံက ပံ့ပိုးခဲ့ပါ သည်။ ယင်းတွင် မြန်မာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့တွင် ဘာသာရေး လွတ်လပ်ခွင့်အတွက် တက်ကြွ လှုပ်ရှားသူများကြား အပြန်အလှန်ဖလှယ်မှုများကို ကမ္ဘာအနှံ့ ခရစ်ယာန်များ ညီညွတ်ရေးအဖွဲ့က ဆောင်ရွက်ပေးနေသော စီမံချက်ပါဝင်သလို ဘာသာရေး သဘောထားသေးသိမ်မှုကို ကိုင်တွယ်ဖြေရှင်းသည့် သင်တန်းကိုလည်း ပေးအပ်ခဲ့ပါသည်။

မြန်မာ့လွှတ်တော်ရှေ့မောက်သို့ မူကြမ်းအဖြစ် လတ်တလော ရောက်ရှိနေသော လူပြိန်းကြိုက် ယုံကြည်သက်ဝင်မှုအခြေခံ ဥပဒေ လေးရပ်နှင့် စပ်လျဉ်းပြီး တင်းမာမှုများလည်း ပေါ်ပေါက်လျက်ရှိပါသည်။ ထိုဥပဒေများသည် ဘာသာပြောင်းလဲခြင်း၊ လူဦးရေ ထိန်းချုပ်ခြင်း၊ ဘာသာမတူသူများ လက်ထပ်ခြင်း၊ မယားပြိုင်နစ်တို့ ပါဝင်ပါသည်။ ယင်းတို့အား အတည်ပြုပြဋ္ဌာန်း လိုက်ပါက မြန်မာနိုင်ငံတွင် ဘာသာရေး သည်းခံမှုရှိရေးကို ထိခိုက်စေသလို အမျိုးစုံကွဲပြားခြင်းအား လေးစားမှုကိုပါ ထိခိုက်စေနိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသော နိုင်ငံတကာ စံများ၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကို ဆန့်ကျင်ဖောက်ဖျက်ရာလည်း ရောက်သွားနိုင်ပါသည်။ အဆိုပြုထားသည့် အဆိုပါဥပဒေများနှင့် စပ်လျဉ်းပြီး ကျွန်ုပ်တို့၏ ခိုင်မာသော စိုးရိမ်မကင်းဖြစ်မှုကို မြန်မာအစိုးရအားလည်းကောင်း၊ လွှတ်တော်အားလည်းကောင်း ကျွန်ုပ်တို့ ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

အမျိုးသမီးအခွင့်အရေး

လူထုနှင့်သက်ဆိုင်သည့် လုပ်ငန်းရပ်များတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှု လွန်စွာနည်းပါးလျက်ရှိသော မြန်မာနိုင်ငံ တွင် အမျိုးသမီးများ၏အခွင့်အရေး၊ မိန်းကလေးများ၏အခွင့်အရေးတို့မှာ ငြိတိန်နိုင်ငံ၏ အရေးကြီးသော လုပ်ငန်းရပ်တစ်ခု ဖြစ်နေဆဲပင်။ နောက်ဆုံး (၂၀၁၃ ခုနှစ်) ကုလသမဂ္ဂ ကျား-မ မညီမျှမှု ညွှန်းကိန်းတွင် မြန်မာနိုင်ငံအား ၁၈၇ နိုင်ငံအနက် အဆင့် ၁၅၀ အဖြစ် ထားရှိသလို အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် အချိုးအဆမှာလည်း ၆ % ထက်လျော့နည်းနေ ပါသည်။ ၂၀၁၄ ခုနှစ်တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် ဘေးအန္တရာယ်ကျရောက်လွယ်မှု လျော့ချရေး၊ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှု တိုးပွားရေး၊ အမျိုးသမီးများအပေါ် ရိုက်ခတ်လျက်ရှိသော လုပ်ငန်းများ၊ ဆုံးဖြတ်ချက်များ တွင် အမျိုးသမီးများ ပိုမိုထိရောက်စွာ ပါဝင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည်များကို ငြိတိန်နိုင်ငံက ပံ့ပိုးပေးခဲ့ ပါသည်။

ဇွန်လ ၁၂ ရက်နေ့တွင် ငြိတိန်နိုင်ငံသည် အမျိုးသမီးများ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် စပ်လျဉ်းသော နိုင်ငံလုံးဆိုင်ရာ လုပ်ငန်းစီမံချက်ကို ငြိတိန်နိုင်ငံက စတင်ခဲ့ပါသည်။ အဆိုပါစီမံချက်တွင် မြန်မာနိုင်ငံသည် ဦးစားပေးခြောက်နိုင်ငံထဲတွင် ပါဝင်ပါသည်။ အမျိုးသမီးများ၊ မိန်းကလေးများအား ပဋိပက္ခကို ကာကွယ် ဖြေရှင်းရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို တိုးမြှင့်ဖော်ဆောင်ရေး၊ အကြမ်းဖက်မှုကို ကာကွယ်တုံ့ပြန်ရေးတို့တွင် အမျိုးသမီးများအား ဗဟိုချက် ၌ ထားရှိရန် ကျွန်ုပ်တို့ ၏ ရည်ရွယ်ချက်ကို ဖော်ပြထားပါသည်။ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျွန်ုပ်တို့၏ ပြည့်စုံကျယ်ပြန့်သော အမျိုးသမီးများ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး အကောင်အထည်ဖော်မှု ပထမဆုံး အစီအစဉ်ကို ထုတ်ပြန်ခဲ့ပါသည်။

လူနည်းစု အခွင့်အရေး

၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသော စိုးရိမ်မကင်းဖွယ်များ အားလုံးအနက်တွင် ရခိုင်ပြည်နယ်မှ အခြေအနေသည် စိတ်မအေးစရာ အကောင်းဆုံးပင်ဖြစ်လေသည်။ ရိုဟင်ဂျာ မူစလင်များသည် လွတ်လပ်စွာ စုဝေးခွင့်၊ လက်ထပ်ခြင်း၊ ကလေးယူခြင်းစသည်တို့နှင့်စပ်လျဉ်းပြီး တားဆီးကန့်သတ်ချက်များစွာကို ခံစားရသည့်အပြင် လွတ်လပ်စွာ သွားလာခွင့်ကို အပြင်းအထန် ကန့်သတ်မှုများ၊ အသက်မွေးမှု၊ ကျောင်းနေခွင့်၊ ကျန်းမာရေး စောင့်ရှောက်မှု ရရိုင်ခွင့်၊ ဝတ်ပြုကိုးကွယ်ရာနေရာစသည်တို့ကို ငြင်းပယ်ခံရခြင်းများ၊ ပြင်းထန်စွာ ကန့်သတ်ခြင်းများကိုလည်း ခံစားနေကြရပါသည်။ ရိုဟင်ဂျာနိုင်ငံသားဖြစ်ကြောင်း အသိအမှတ်ပြုရန် မြန်မာနိုင်ငံ၏ ငြင်းပယ်မှုက အခြေခံအကျဆုံး အခွင့်အရေးများကို ပိတ်ပင်မှုအား ပိုမိုဆိုးရွားစေခဲ့ပါသည်။

ဇန္နဝါရီလတွင် အသစ်ပြန်လည်ဖြစ်ပွားသော လူမျိုးရေး အကြမ်းဖက်မှုများကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ရဲအရာရှိ တစ်ဦးနှင့် ရိုဟင်ဂျာပေါင်း ၄၀ ခန့်အထိ သေဆုံးခဲ့ရသည်ဟု သတင်းရရှိခဲ့သလို ဖေဖော်ဝါရီတွင်လည်း နယ်စည်းမခြားဆရာဝန်များအဖွဲ့အား ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေမှုများ ရပ်ဆိုင်းရန် မြန်မာအစိုးရက အမိန့်ထုတ်ခဲ့ပါသည်။ မတ်လအတွင်း ပြည်နယ်မြို့တော် စစ်တွေမြို့တွင် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်နေသူတို့၏ ရုံးများ၊ နေအိမ်များကို အဓိက ပစ်မှတ်ထားသော အကြမ်းဖက်မှုများကြောင့် လူသားချင်း စာနာထောက်ထားမှု အစီအစဉ်များ ယာယီ ရပ်ဆိုင်းသွားခဲ့သလို အပြည်ပြည်ဆိုင်ရာ ဝန်ထမ်းများ ဘေးကင်းလုံခြုံရေးအတွက် ဖယ်ရှားခဲ့ရသော ဖြစ်စဉ်များ ပေါ်ပေါက်လာသည့်အခါ အခြေအနေမှာ ပိုမိုယိုယွင်းပျက်စီးသွားခဲ့ပါသည်။ နယ်စည်းမခြား ဆရာဝန်များအား နှင်ထုတ်ပစ်လိုက်ခြင်းကြောင့် ရခိုင်ပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နေမှုမှာ အန္တရာယ်ရှိသည့် အခြေအနေသို့ ရောက်ရှိသွားခဲ့ပါသည်။ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် ဩဂုတ်လတွင် အစိုးရနှင့် နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့လင့်ကစား နယ်စည်းမခြား ဆရာဝန်များအဖွဲ့သည် ဒီဇင်ဘာလတွင်မှသာ လုပ်ငန်းများကို ပြန်လည် စတင်နိုင်ခဲ့ပါသည်။ ထိုအဖွဲ့သည် ရခိုင်ပြည်နယ်မှ ရပ်ရွာအသိုင်းအဝိုင်းများအားလုံးအား ကျန်းမာရေး ဝန်ဆောင်မှုများကို သင့်တင့်လျော်ကန်စွာ မလွဲမသွေ ပေးအပ်နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း အစိုးရအား ကျွန်ုပ်တို့ ရှင်းရှင်းလင်းလင်းပင် ဆက်လက် ပြောဆိုလျက်ရှိပါသည်။

ဇူလိုမှ စတင်ပြီး ရခိုင်ပြည်နယ်မှ ရေရှည်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် လုပ်ငန်းစဉ်များကို မြန်မာအစိုးရက စတင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းတို့တွင် ရခိုင် ဝန်ကြီးချုပ်သစ်ခန့်အပ်ခြင်း၊ ရခိုင်ပြည်နယ် လုပ်ငန်းစီမံချက် ရေးဆွဲခြင်း၊ ရိုဟင်ဂျာများအတွက် နိုင်ငံသား စိစစ်မှု ရှေ့ပြေးဆောင်ရွက်ခြင်းများ ပါဝင်ပါသည်။ ရှေ့ပြေးစိစစ်မှု လုပ်ငန်းကို ဇူလိုင်လအတွင်း အိုးပစ်အိမ်ပစ်ထွက်ပေးရသည့် စခန်း၌ လူပေါင်း ၁,၂၀၀ ကျော်အား စိစစ်ခြင်းဖြင့် စတင်ခဲ့ပါသည်။ ယင်းတို့အနက်မှ ၂၀၀ ခန့်ကိုသာ နိုင်ငံသားအဖြစ် သဘောတူခဲ့ပါသည်။ အများစုမှာ အခွင့်အရေး ပိုမိုနည်းပါးသော ဇည့်နိုင်ငံသားအဖြစ်ကိုသာ ရရှိခဲ့ပြီး လူနည်းစု အနည်းငယ်မျှသာ နိုင်ငံသားဖြစ်ခွင့် အပြည့်အဝ ရရှိခဲ့ပါသည်။ ပွင့်လင်းမြင်သာမှုလည်းရှိ၊ တစ်သမတ်တည်းလည်းဖြစ်၊ ကြွင်းကျန်မှုမရှိဘဲ အားလုံးလည်း ပါဝင်သည့် နိုင်ငံသားစိစစ်မှုလုပ်ငန်းကို ရခိုင်ပြည်နယ်တွင် ဆောင်ရွက်ရန် လိုအပ်နေကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုသလို နိုင်ငံတကာစံများနှင့် ကိုက်ညီအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း အာဏာပိုင်များအား ကျွန်ုပ်တို့ ရှင်းလင်းစွာ ပြောဆိုခဲ့ပြီးလည်း ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အားလုံးက အပြည့်အဝ နားလည်အောင် အသိုင်းအဝိုင်းနှစ်ရပ်စလုံးအတွက် ဖြန့်ကျက် ဆောင်ရွက်ရန် အာဏာပိုင်များကို ကျွန်ုပ်တို့ အားပေးတိုက်တွန်းခဲ့ပါသည်။ ရခိုင်ပြည်နယ် လုပ်ငန်းစီမံချက် ရေးဆွဲထားခြင်းကို နိုင်ငံတကာအသိုင်းအဝိုင်းမှ တချို့ထံ ၂၀၁၄ ခုနှစ်တွင် လက်ဆင့်ကမ်းပေးခဲ့ပါသည်။ ကနဦး စီမံချက်မှ အစိတ်အပိုင်းတချို့အား အကောင်အထည် ဖော်မည်ဆိုပါက ရခိုင်ပြည်နယ်တစ်လွှားရှိ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး အလားအလာများကို အဟန့်အတားဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်တို့ ယူဆပါသည်။ အဆိုပါ စီမံချက်ကို ရခိုင်ပြည်နယ်ရှိ ရပ်ရွာအသိုင်းအဝိုင်းများအားလုံးနှင့် ညှိနှိုင်းရန် လိုအပ်ကြောင်း ကျွန်ုပ်တို့ အလေးအနက်ပြောခဲ့ပါသည်။

ဗြိတိန်နိုင်ငံက ပေါင်စတာလင် ၁၀ သန်း ထည့်ဝင်ကူညီခဲ့သော သန်းခေါင်စာရင်း ကောက်ယူရာတွင် လူတိုင်းသည် မိမိတို့၏ လူမျိုးစု ဇာတိရင်းမြစ်ကို မိမိတို့ဘာသာ ဖော်ထုတ်ခွင့်ရှိစေမည်ဟူသော မြန်မာအစိုးရက အစဉ်တစိုက် ပေးအပ်ခဲ့သည့် ကတိနှင့် ဆန့်ကျင်နေသည့်အတွက် ကျွန်ုပ်တို့ အကြီးအကျယ် စိတ်ပျက်မိရပါသည်။ သန်းခေါင်စာရင်း ကောက်ယူခြင်းမှာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးသော အဆင့်ဖြစ်သလို ဝန်ဆောင်မှုပိုးမှု အလိုအပ်ဆုံးနေရာများနှင့် စပ်လျဉ်းသည့် အလွန်လိုအပ်လျက်ရှိသော အချက်အလက်များကို ရရှိစေလိမ့်မည်လည်း ဖြစ်ပါသည်။ လေ့လာသူများက စာရင်းရေးသွင်းမှု လုပ်ငန်းစဉ်မှာ ယေဘုယျအားဖြင့် အောင်မြင်သည်ဟု ဆိုခဲ့ကြပါသည်။ သို့ရာတွင် ရခိုင်ပြည်နယ်၌ တိုင်းရင်းသားလူမျိုးအဖြစ် သတ်မှတ်ချက်ကို ရွေးချယ်ရာတွင် ရိုဟင်ဂျာအား ချန်လှပ်ထားပြီး "ဘင်္ဂါလီ"ဖြင့် အစားထိုးခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်သည် သန်းခေါင်စာရင်းကောက်ယူရာ၌ နိုင်ငံတကာ စံသတ်မှတ်ချက်များကို ဆန့်ကျင်လျက်ရှိကြောင်း အာဏာပိုင်များအား ကျွန်ုပ်တို့ ရှင်းလင်းစွာ အသိပေးခဲ့ပါသည်။ တိုင်းရင်းသား လူနည်းစုများက မိမိတို့ကိုယ်တိုင် ခွဲခြားဖော်ထုတ်ခွင့်ဘက်မှ ဗြိတိန်နိုင်ငံက ရပ်တည်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေး၊ ပြန်လည် ရင်ကြားစေ့ရေးကို ပေါ်ပေါက်စေကာ ပြည်နယ်အတွင်းမှ ရပ်ရွာအသိုင်းအဝိုင်းများ အားလုံး၏ လူအခွင့်အရေးကို ကာကွယ်စောင့်ရှောက်သော ရေရှည် အဖြေတစ်ရပ် ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်ရန် မြန်မာအာဏာပိုင်များအား ကျွန်ုပ်တို့ ဆက်လက်တိုက်တွန်းအပ်ပါသည်။ ရခိုင်ပြည်နယ်မှ လူသားချင်း စာနာထောက်ထားမှု အကူအညီအတွက် အများဆုံး လှူဒါန်းသည့် နိုင်ငံများထဲတွင် ဗြိတိန်နိုင်ငံပါဝင်ပါသည်။ ၂၀၁၂ ခုနှစ်မှ စတင်ပြီး လူပေါင်း ၁၁၄,၀၀၀ ကျော်အတွက် နေစရာ၊ သောက်သုံးရေ၊ မိလ္လာ၊ တစ်ကိုယ်ရေ သန့်ရှင်းရေး အစီအစဉ်များ၊ အာဟာရနှင့် ကာကွယ်စောင့် ရှောက်ရေး လုပ်ငန်းရပ်များ၊ အစားအသောက်မဟုတ်သော ပစ္စည်းများစသည်တို့ကို ဖြည့်တင်းပေးသည့် ကူညီထောက်ပံ့မှုတွင် ပေါင်စတာလင် ၁၂ သန်းကို ကျွန်ုပ်တို့ ပေးအပ်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု တံ့ပြန်ဆောင်ရွက်ချက်အတွက် ကုလသမဂ္ဂ၏ ညှိနှိုင်းဆောင်ရွက်မှုကိုလည်း ကျွန်ုပ်တို့ ထောက်ခံ ပံ့ပိုးလျက်ရှိပါသည်။

ကလေးသူငယ် အခွင့်အရေး

ကလေးစစ်သည်များအား စုဆောင်းခြင်း၊ အသုံးပြုခြင်းနှင့် စပ်လျဉ်းသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ စာရင်းထဲတွင် မြန်မာနိုင်ငံမှာ ပါရှိနေဆဲပင်ဖြစ်ပါသည်။ မတ်လတွင် ၂၀၁၂ ခုနှစ် ကုလသမဂ္ဂ လုပ်ငန်းစီမံချက်ကို သက်တမ်းတိုးရန် သဘောတူညီချက်အား ကျွန်ုပ်တို့ ကြိုဆိုခဲ့ပါသည်။ ထိုအချိန်မှ စတင်ပြီး ကလေးစစ်သည်များအား တပ်မှ ထပ်မံ လွှတ်ပေးခဲ့မှုများ ပေါ်ပေါက်ခဲ့ပါသည်။ ဩဂုတ်လတွင် ၉၁ ဦး၊ စက်တင်ဘာလတွင် ၁၀၉ ဦး၊ နိုဝင်ဘာလတွင် ၈၀ ဦးတို့ ဖြစ်သည်။ ယင်းကြောင့် ၂၀၁၂ ခုနှစ်မှစတင်ပြီး ကုလသမဂ္ဂလုပ်ငန်းစဉ်အရ လွှတ်ပေးခဲ့သူများ အရေအတွက်မှာ ၅၀၀ ကျော်အထိ ရှိလာခဲ့ပါသည်။ သို့ရာတွင် တပ်မတော် တပ်ဖွဲ့များ၊ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများထံ လက်လှမ်းမီရန်မှာ အကန့်အသတ်နှင့်သာ ရှိနေဆဲဖြစ်သလို ကလေးသူငယ်များအား တပ်သားသစ်အဖြစ် စုဆောင်းခြင်းမှာ လေးလံနေးကွေးသွားသည့်တိုင် လုံးဝ ရပ်ဆိုင်းမသွားသေးသည်ကိုမူ ကျွန်ုပ်တို့ သတိထားမိပါသည်။ အစိုးရတပ်များရော အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များပါ လုပ်ဆောင်ရမည်မှာ များစွာ ကျန်ရှိနေဆဲဖြစ်ပါသည်။ အထူးသဖြင့် ဆောင်ရွက်ဆဲ တပ်သားသစ်စုဆောင်းမှုကို အဆုံးသတ်ရန်၊ ထိုသို့စုဆောင်းဖြစ်စေမည့် မက်လုံးများကို ဖယ်ရှားရန်တို့ပင် ဖြစ်ပါသည်။